“ငါသည် အသင်တို့အား အလ္လာဟ်အရှင်မြတ်အား

ကြောက်ရွံ့ရိုသေစွာဖြင့်

နေထိုင်ကြရန်နှင့်(အုပ်ချုပ်သူများ၏ အမိန့်ကို) နာခံလိုက်နာကြရန် ဆုံးမညွှန်ကြားပါသည်။

ထိုအုပ်ချုပ်သူသည် ဟဗရှီကျွန်တစ်ဦးဖြစ်စေကာမူ (နာခံလိုက်နာကြလော့)။ ငါကိုယ်တော် ၏နောက်တွင်

သင်တို့သည် အလွန်များပြားလှစွာသော

ကွဲလွဲမှုဒွိဟများကို တွေ့မြင်ကြရလိမ့်မည်။

သို့ဖြစ်ရာ သင်တို့သည် ငါကိုယ်တော်၏

စွန္နသ်လမ်းစဉ်နှင့်

ခုလဖာအိရာရှီဒီးန်(ဖြောင့်မတ်မှန်ကန်သောခေါင်းဆောင်ခလီဖဟ်ကြီးများ)၏ စွန္နသ် (စံနမူနာ)လမ်းစဉ်ကို ခိုင်မြဲစွာ ကိုင်စွဲထားကြလော့

အဘူ နဂျီဟ် အိရ်ဗာဿ်ွ ဗင်င်န် ဆာရိယဟ်(ရဿွိယလ္လာဟုအန်ဟု) မှဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်
ကျွန်ုပ်တို့အား စိတ်နှလုံးများ တုန်လှုပ်စေပြီး မျက်ရည်များ ကျရောက်စေသည့်စိတ်နှလုံးကို နှိုးဆော်သော တရားစကား မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ
ကျွန်ုပ်တို့က “အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ဤသည်
နှုတ်ဆက်ခွဲခွါသူတစ်ဦးက ဆုံးမဩဝါဒတရားဟောကြား‌နေခြင်းကဲ့သို့ဖြစ်ပါသည်။
သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အား ညွှန်ကြားဆုံးမ ပေးသနားတော်မူပါ” ဟု
လျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က “ငါသည်အသင်တို့အား အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေစွာဖြင့်နေထိုင်ကြရန်နှင့်(အုပ်ချုပ်သူများ၏ အမိန့်ကို) နာခံလိုက်နာကြရန်
ဆုံးမညွှန်ကြားပါသည်။ ထိုအုပ်ချုပ်သူသည် ဟဗရှီကျွန်တစ်ဦးဖြစ်စေကာမူ (နာခံလိုက်နာကြလော့)။ ငါကိုယ်တော် ၏နောက်တွင် သင်တို့သည် အလွန်များပြားလှစွာသောကွဲလွဲမှုဒွိဟများကို တွေ့မြင်ကြရလိမ့်မည်။ သို့ဖြစ်ရာ သင်တို့သည် ငါကိုယ်တော်၏စွန္နသ်လမ်းစဉ်နှင့် ခုလဖာအိရာရှီဒီးန်(ဖြောင့်မတ်မှန်ကန်သောခေါင်းဆောင်ခလီဖဟ်ကြီးများ)၏ စွန္နသ် (စံနမူနာ)လမ်းစဉ်ကို ခိုင်မြဲစွာ
ကိုင်စွဲထားကြလော့။ ထိုစွန္နသ် (စံနမူနာလမ်းစဉ်) ကို သင်တို့၏အံသွားများဖြင့်ခိုင်မြဲစွာ ကိုက်ထားကြလေကုန်။ သတိပြုကြလေကုန်၊ ဒီန်သာသနာတော်နှင့်စပ်လျဉ်း၍မိမိတို့စိတ်ကူးထင်မြင်ချက်မှ ပေါ်ပေါက်လာသော အသစ်အဆန်းများ (ဗိဒ်အသ်များ) မှ

ရှောင်ရှားကြလေကုန်။ ဧကန်မုချ ဗိဒ်အသ်တိုင်းသည် လမ်းမှားပင်ဖြစ်၏။" [صحيح] [رواه أبو داود والترمذي]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏အဆ်ွဟာဗ်တော်များအားစိတ်နှလုံးများ ကြောက်ရွံ့စေကာ မျက်လုံးများမှမျက်ရည်များ စီးကျစေသည့်ဆုံးမစကားမျိုး မိန့်ကြားတော်မူခဲ့သည်။ တမန်တော်မြတ်၏ ဆုံးမစကားသည်အလွန်ထိရောက်မှုရှိသည်ကို မြင်တွေ့ရသည့်အတွက် ဆွဟာဗဟ်များက အို-အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် ဤဆုံးမစကားသည် ခွဲခွါသွားတော့မည့်သူတစ်ဦး၏ဆုံးမစကားကဲ့သို့ဖြစ်သည်ဟု လျှောက်ထားခဲ့ကြသည်။ ထို့ကြောင့် ကိုယ်တော်မရှိသည့်အခါ၎င်းတို့စွဲမြဲစွာလိုက်နာကျင့်သုံးနိုင်ရန်အတွက် မှာတမ်းစကားမိန့်ကြားရန်တောင်းဆိုခဲ့ကြသည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကမိန့်ကြားတော်မူသည်မှာ ငါကိုယ်တော်သည် အသင်တို့အား အလ္လာဟ်အရှင်မြတ်အပေါ် ‘သက္ကဝါ’ တရားထားရှိရန်ဆုံးမတော်မူသည်။ ဤသည် ဖရ်ဿ်ွမလုပ်မနေရတာဝန်များကိုလိုက်နာကျင့်သုံးပြီး တားမြစ်ထားသည့်အရာများကို စွန့်လွှတ်ခိုင်းခြင်းဖြစ်သည်။ထို့နောက် ကိုယ်‌တော်က ခေါင်းဆောင်၏အမိန့်ကိုနာခံကြရန် မှာတမ်းတော်မူသည်။ အကယ်၍ကျွန်တစ်ဦးအား သင်တို့အပေါ်၌ ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်လျှင် သို့မဟုတ် ၎င်းကသင်တို့အ‌ပေါ် အုပ်ချုပ်လျှင်လည်း အမိန့်ကိုနာခံရမည်ဖြစ်သည်။ ဆိုလိုသည်မှာအနိမ့်ဆုံးအဆင့်ရှိသည့် ကျွန်တစ်ဦးသည် သင်တို့အပေါ်၌ ခေါင်းဆောင်ဖြစ်ခဲ့လျှင်လည်းဖိသ်နဟ် ပြသနာများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ရသည့်အတွက်‌ သင်တို့မောက်မာ၍ရှောင်ဖယ်မနေဘဲ ထိုသူ၏အမိန့်ကိုနာခံရမည်ဖြစ်သည်။ ၎င်းနောက် ဆက်လက်မိန့်ကြားတော်မူသည်မှာ ဧကန်အမှန်ပင် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် (ငါကိုယ်တော် မရှိသည့်နောက်) သက်ရှိထင်ရှားရှိနေမည်ဆိုပါက မြောက်မြားစွာသောကွဲလွဲမှုများကိုမြင်တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ ကိုယ်တော်သည် ဤကွဲလွဲမှုများမှလွတ်မြောက်နိုင်မည့် ထွက်ပေါက်ကို ရှင်းပြတော်မူခဲ့သည်။ ၎င်းမှာတမန်တော်မြတ်၏စွန္နသ်လမ်းစဉ်နှင့် တရားလမ်းမှန်ချီးမြှင့်ခြင်းခံရသည့်ဖြောင့်မတ်မှန်ကန်သော ခလီဖဟ်ကိုယ် စားလှယ်များဖြစ်ကြသော အဗူဗက္ကရ် ဆွိဒ်ဒီက်၊ အုမရ်ဗင်န်ခသ်သွာဗ်၊ အွတ်စ်မာန်ဗင်န် အဖ္ဖာန်၊ အလီဗင်န် အဗူသွာလိဗ် (ရဿွိယလ္လာဟုအန်ဟုမ်)တို့၏ စွန္နသ်လမ်းစဉ်ကို ဆုပ်ကိုင်ထားခြင်းဖြစ်သည်။၎င်းတို့ကို အံသွားများဖြင့် ကိုက်ခြင်းဟူသည် စွန္နသ်လမ်းစဥ်ကိုဆုပ်ကိုင်ပြီးလိုက်နာကျင့်သုံးရန် ကြိုးစားခြင်းကိုဆိုလိုသည်။ ထို့ပြင် ကိုယ်တော်သည် သာသနာတွင်တရားသစ်တီထွင်ထားသည့်အရာများမှ ရှောင်ကြဉ်ကြရန် တိုက်တွန်းတော်မူသည်အဘယ့်ကြောင့်ဆိုသော် (ဗိဒ်အသ်) တရားသစ်တီထွင်မှုတိုင်းသည် လမ်းမှားပင်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/66529